# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၄) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# (၁၆) ရက်မြောက်နေ့ အစီအစဉ်

# (၁၆-၁၂-၂၀၁၉)(တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **မြန်မာလျှပ်စစ်ဓာတ်အားကို မည်သည့် အချိန်တွင် မြဝတီမြို့သို့ ပေးနိုင်မည်နည်း၊ ကျေးလက်တောရွာများအတွက် ကျေးလက်သုံးမီတာများ ဖြန့်ဝေပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မြို့ကြီးသုံးမီတာများ (Digital Meters) လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ခြင်း ရှိ၊ မရှိ သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါက်တာဦးစိန်မြအေး၊ ဒလ မဲဆန္ဒနယ်၏ **မီတာဖတ်ခြင်း၊ မီတာကောက်ခံခြင်း များတွင် လျှပ်စစ်သုံးစွဲသူနှင့် လျှပ်စစ်ဌာနတို့အကြား ပွင့်လင်းမြင်သာမှု ရှိရန်အတွက် လူမြင်နိုင်သောနေရာ သို့မဟုတ် အိမ်ခြံဝင်းများအတွင်းတွင် မီတာပုံးများထားရှိရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးကျော်စိုး၊ ဗန်းမောက် မဲဆန္ဒနယ်၏ **ဗန်းမောက်မြို့နယ်ရှိ ပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ လွှမ်းခြုံနိုင်ရန်အတွက် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်အေးအေးမူ (ခ) ဒေါ်ရှားမီး၊ ကလေး မဲဆန္ဒနယ်၏ **ကလေးမြို့နယ်၊ မောက်လင်းကျေးရွာအုပ်စု၊ လက်ပံချောင်းကျေးရွာနှင့် အနီးတစ်ဝိုက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရန် တိုက်နယ်ဆေးရုံ အဆောက်အဦအား အနီးဆုံးဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးငြိမ်းသစ်(ခ) ဦးသောင်းထွန်း၊ မဟာအောင်မြေ မဲဆန္ဒနယ်၏ **မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသော သူနာပြုဆရာမ (၄၀၃)ဦး နေထိုင်ရန်အတွက် သိမ်းဆည်းထားသော သူနာပြုအဆောင်အား ပြန်လည် ပေးအပ်ရန် သို့မဟုတ် အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်မြင့်၊ သာယာဝတီ မဲဆန္ဒနယ်၏ **သာယာဝတီခရိုင် ပြည်သူ့ ဆေးရုံကြီးအား ခုတင် (၂၀၀) ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးပါထန်း၊ မတူပီ မဲဆန္ဒနယ်၏ **မတူပီမြို့နယ်၊ တန်ကူကျေးရွာ ကျေးလက် ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက ပေးပို့သော **"အခွန်အယူခံခုံအဖွဲ့ နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုအပေါ် ပြင်ဆင်ချက်တင်သွင်း လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒုတိယဗိုလ်မှူးကြီး မိုးမြင့်အောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

( ခ) ဒုတိယဗိုလ်မှူးကြီး ကျော်မိုးအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

၈။ ပြည်သူ့လွှတ်တော်၊ လွှတ်တော်အခွင့်အရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို ဗိုလ်မှူးကြီးမြင့်ဟန်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊

၁၂။ ပြည်သူ့လွှတ်တော်၊ ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၃။ ပြည်သူ့လွှတ်တော်၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၆) ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။